## ကလလတ၏ နယ်ခြားစောင့်တပ်ဖွဲ့ဝင်မှ ပြည်သူအား ဥပဒေမဲ့ သတ်ဖြတ်သည့်အပေါ် ကရင်နီပြည် လူငယ်များ သမဂ္ဂမှ ထုတ်ပြန်ကြေညာချက်

(၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီ (၁၉)ရက်နေ့)

1. ဖေဖော်ဝါရီလ ၁၇ ရက်နေ့၊ ညနေ (၉) နာရီခန့်တွင် ထင်းခုတ်ပြန်လာသည့် လယ်ထွဲရွာသား ခွန်ဖိုးသားအား အခွန် ကျပ်ငွေ (၁၀၀၀) မပေးဆောင်သည့် အတွက်ကြောင့် ကလလတ နယ်ခြား စောင့်တပ် အဖွဲ့ဝင် မောင်အို့မှ လွိုင်ကော်မြို့နယ်၊ လွိုင်လင်လေးကျေးရွာအနီးရှိ ကလလတ အခွန်ကောက်ခံသည့် ဂိတ်အနီးတွင် သေနတ်ဖြင့် ပစ်သတ်ခဲ့ပါသည်။ အထက်ပါဖြစ်ရပ်မတိုင်မီ ၂၀၁၄ ဒီဇင်ဘာလ (၂၇)ရက်နေ့တွင် ကလလတ တပ်ဖွဲ့ဝင်များက အကြောင်း အမျိုးမျိုးကြောင့် လွိုင်ကော်မြို့နယ်၊ ကယန်း သာယာ(မြောက်)ရွာသားများကို သေနတ်ဖြင့် ၆ ချက်ထိ ပစ်ခတ်ခဲ့ပါသည်။
2. ကလလတသည် နယ်ခြားစောင့်တပ်အဖြစ်သို့ အသွင်ပြောင်းထားသည့် အဖွဲ့ဖြစ်သည်၊ ကယား ပြည်နယ်တွင် အစိုးရ၏ခွင့်ပြုချက်ဖြင့် လက်နက်ကိုင်ဆောင်ခွင့် နှင့်အခွန်များကို ကောက်ခံခွင့် ရရှိထားသော အဖွဲ့ဖြစ်သည်။ သို့သော် ကလလတ ရဲဘော်များနှင့်နယ်ခြားစောင့်တပ်များသည် ပြည်သူလူထု၏အသက် အိုးအိမ်စည်းစိမ်များကို ကာကွယ်စောက်ရှောက်ရမည့်အစား လက်နက်အားကိုး ရမ်းကားသည့် လုပ်ရပ် များစွာပြုလုပ် ခဲ့ပါသည်။

ယနေ့ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကို အဖွဲ့အစည်းအသီးသီး ကြိုးစားနေ ချိန်တွင် ကလလတမှ တပ်ဖွဲ့ဝင်များက စည်းကမ်းမဲ့စွာ ရမ်းကားမှုများ ပြုလုပ်သည့်အပြုအမူ အပေါ် မိမိတို့ ကရင်နီပြည်လူငယ်များ သမဂ္ဂမှ များစွာ စိုးရိမ်ပူပန်ပါသည်။ အထက်ပါဖြစ်စဉ်ဖြစ်ရပ်မျိုးများကို ကရင်နီပြည် လူငယ်များ သမဂ္ဂ (UKSY)မှ ပြင်းထန်စွာ ရှုံ့ချလိုက်သည်။

သို့ဖြစ်၍ ကလလတမှ အောက်ပါ တောင်းဆိုချက်များအား အထူးဆောင်ရွက်ပေးပါရန် တောင်းဆိုလိုက် သည်။

1. ပစ်ခတ်မှုကြောင့် သေဆုံးသွားသော ခွန်ဖိုးသား၏ မိသားစုဆုံးရှုံးနစ်နာမှုကို ကလလတ တာဝန်ရှိ ပုဂ္ဂိုလ် များမှ ဖြေရှင်း ကူညီဆောင်ရွက်ပေးရန်။
2. ကလလတ၏ တပ်ဖွဲ့ဝင်များနှင့် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအား ကလလတ၏ ကြွေးကြော်သံဖြစ်သော ပြည့်သူ့အကျိုးဆောင်ကြ ဆောင်ပုဒ်နှင့်အညီ တာဝန်ဝတ္တရားများအား လက်တွေ့ကျင့်သုံးပေးရန်။
3. ကယားပြည်နယ်တွင်း မှီတင်းနေထိုင်သော တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကို ဝန်ထုတ် ဝန်ပိုးဖြစ်စေ သည့် လုံခြုံရေးအကြောင်းပြမှုဖြင့် ဖွင့်လှစ်ထားသော တရားမဝင်ငွေကြေး ကောက်ခံ နေသော ဂိတ်များ ပယ်ဖျက်ပေးရန်။

ကရင်နီပြည် လူငယ်များ သမဂ္ဂ (UKSY)

- ကရင်နီအမျိုးသားလူငယ်များအစည်းအရုံး (KNYO)
- ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး- လူငယ် (KNPLF-Youth)
- ကယားပြည်နယ် ကျောင်းသားများ သမဂ္ဂ (KSSU)
- ကယန်းအမျိုးသမီးအစည်းအရုံး (KyWO)
- ကယန်းမျိုးဆက်သစ်လူငယ် (KNGY)
- တစ်သီးပုဂ္ဂလအင်းအားစု (Individuals)